# Naw Hkam's Story

မြန်မာနိုင်ငံနယ်စပ်မှ


လူငယ်နှင့်မူးယစ်ဆေးဝါး - ကချင်ပြည်နယ်








မြစ်ကြီးနားဟာ ကျွန်တော်ရဲ့မွေးရပ်မြေ ဖြစ်ပါတယ်။ ကျွန်တော်က အဲဒီမြို့မှာမွေးပြီး အဲဒီမြို့မှာဘဲ ကြီးပြင်းခဲ့သူပါ။ ကျွန်တော်က မရန်အမျိုးဖြစ်ပါတယ်။
ကျွန်တော့မိခင်က ကျွန်တော်တို့မောင်နှမတွေကို ကြည့်ရှုရင်းအိမ်မှာနေပါတယ်။ သူမက ကျွန်တော်တို့ကိုပံ့ပိုးထောက်ပံ့နိုင်ဖို့အတွက် အလုပ်အရမ်း ကြိုးစားပြီးလုပ်ပါတယ်။ တစ်ခါတစ်လေ သူမက အလုပ်ကိစ္စ အတွက် ခရီးသွားလာရတယ်။ ဒါပေမယ့်လည်း၊ သူမအိမ်မှာနေရင်တော့ ကျွန်တော်တို့ သူမရဲ့ဂရုစိုက် ယုယမှုကိုအမြဲခံစားရပါတယ်။
ဒီမြို့မှာကြီးပြီးလာရခြင်းက ကျွန်တော့ အတွက် ရိုးရှင်းပြီး ပျော်စရာကောင်းတဲ့ ကလေးဘဝကိုပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။
ကျွန်တော်မြစ်ကြီးနားမှာ၈တန်းထိပြီးတဲ့အထိနေခဲ့ပါတယ်၊ကျန်နေတဲ့အတန်းတွေကိုတော့ကျွန်တော်ကချင်ပြည်နယ်အတွင်းရွှေ့ပြောင်းနေထိုင်ပြီးတက်ရောက်ခဲ့ပါတယ်၊၁၉၉၄-၂၀၁၁ခုနှစ်အထိစစ်ပွဲတွေမရှိဘူး၊ လုံလုံခြုံခြုံနဲ့ ခရီးသွားလာလို့ရခဲ့တယ်။ ဒါပေမဲ့လည်း စိန်ခေါ်မှုအသစ်တွေကိုကြုံတွေ့ခဲ့ရတယ်...





ကျွန်တော်ငယ်ငယ်တုန်းက အခုလိုမူးယစ်ဆေးဝါးတွေအများကြီးရှိတယ်ဆိုတဲ့ အကြောင်းကို ကျွန်တော် သိပ်မကြားဘူးဖူး။ သူငယ်ချင်းတွေတွေ့ကြ၊ ရှိတဲ့ပိုက်ဆံစုပြီး သူငယ်ချင်းတွေနဲ့အတူ အရက်သောက်ခဲ့ကြတယ်။အဲဒီအချိန်တုန်းက ဆဲလ်ဖုန်းနဲ့ မူးယစ်ဆေးဝါးတွေ ကချင်ပြည်နယ်မှာ မဖုံးလွှမ်းသေး ခင်ပေါ့။ ဒီနေရာမှာ အရာတော်တော်များများက အလျှင်အမြန်ဘဲ ပြောင်းလဲသွားပါတယ်။

သိပ်မကြာခင်မှာဘဲ၊မူးယစ်ဆေးဝါးများကနေရာအနှံ့စျေးနှုန်းချိုသာစွာဖြင့်ပျံ့နှံ့လာခဲ့ပါတယ်။အပစ်အခတ်ရပ်ဆဲရေးကာလမှာမူးယစ်ဆေးဝါတွေကကချင်ပြည်နယ်မှာအလွန်ပေါများလာခဲ့ပါပြီး၊သိပ်မကြာခင်မှာဘဲ လူတိုင်းစတင်သုံးစွဲလာခဲ့ပါတယ်။





ကျွန်တော်မြစ်ကြီးနားတက္ကသိုလ်မှာတက်ဖို့နာမည်စရင်းသွင်းခဲ့တယ်...ဒါပေမဲ့၊နှစ်နှစ်ပြည့်တဲ့အခါမှာကျွန်တော်ကျောင်းထုတ်ခံခဲ့ရတယ်။ကျွန်တော်စာကောင်းကောင်းမသင်ယူခဲ့ဘူး၊သူငယ်ချင်းတွေနဲ့ဘဲအချိန်ဖြုန်းပြီးနေချင်ခဲ့တယ်။
အဲဒီနောက်မှာတော့ပတ်ဝန်းကျင်ကရွယ်တူသူငယ်ချင်းတွေရဲ့ဖိအားတွေကကျွန်တော်မူးယစ်ဆေးဝါးသုံးဖို့အတွက်ကျွန်တော်ဆီကိုရောက်လာခဲ့တယ်။ ကျွန်တော်ဘယ်သွားသွားသူတို့တွေကအမြဲတမ်းရှိနေခဲ့ပါတယ်။
အဲဒီအချိန်တုန်းကကျွန်တော့်အကိုကရန်ကုန်မှ◌ာပညာသင်နေပါတယ်။အဲဒီနေရာမှာကျွန်တော့်အတွက်အခွင့်အလမ်းတွေအများကြီးရှိနေခဲ့တယ်လို့ကျွန်တော်မြင်တယ်။
ဒါပေမဲ့ ကျွန်တော်စီးပွားရေးလုပ်ငန်းတစ်ခုစတင်ချင်တာကြောင့် တရုတ်ပြည်ကို နှစ်နှစ်သွားနေဖို့ဆုံ ဖြတ်ခဲ့ပါ တယ်။ အဲဒီခရီးစဉ်က ကျွန်တော့်ရဲ့ ပြည်ပခရီးစဉ်များထဲက ကျွန်တော့်ရဲ့ ဘဝသစ်ကို စတင်ဖို့ ရန်အတွက် ပထမဆုံးခရီးစဉ်တစ်ခုဖြစ်ခဲ့ပါတယ်။ မြစ်ကြီးနားက မူးယစ်ဆေးဝါးတွေပေါများတာကြောင့် ကျွန်တော့်အတွက်တော့နေစရာကောင်းတဲ့ပတ်ဝန်းကျင်ကောင်းတစ်ခုမဟုတ်ခဲ့ပါဘူး။


မြစ်ကြီးနားကလူတော်တော်များများက ဖားကန့်ကကျောက်စိမ်းတွင်းတွေမှာ ပိုက်ဆံသွားရှာကြတယ် အဲ့ဒီမှာအလုပ်တွေပေါသလိုပိုက်ဆံရှာဖို့အခွင့်အလမ်းလဲအမှန်တကယ်ပေါများပါတယ်။ဒီလုပ်ငန်းခွင်ကကျွန်တော်လိုလူငယ်တွေအတွက်ရရှိနိုင်တဲ့တစ်ခုတည်းသောလုပ်ငန်းခွင်ဖြစ်ပါတယ်။
ကံကောင်းတဲ့သူတစ်ချို့ကတော့ကြီးကြီးမားမားရနိုင်ရုံသာမကကြိုကြိုတက်ချမ်းသာသွားနိုင်ပါတယ်။လူများစွာအတွက်ဒီမျော်လင့်ချက်ကတွန်းအားဖြစ်စေပါတယ်။
ဒါပေမဲ့၊ကျောက်စိမ်းကျင်းတွေမှာမူးယစ်ဆေးဝါးတွေအလွန်ပေါများတယ်။သတ္တုတွင်းအလုပ်ကခက်ခဲပြင်ပန်းတဲ့အလုပ်ဖြစ်တဲ့အတွက်လူအများကထိုပြင်ပန်းမှုတွေကိုဖြေဖျောက်ရန်အတွက်မူယစ်ဆေးဝါးကိုအသုံးပြုကြတယ်။


မကြာခဏဆိုသလိုကျောင်းသားများကကျောင်းထဲမှမူးယစ်ဆေးစွဲပြီးထွက်သွားကြတယ်၊သူတို့ရွာများနဲ့မိသားစုများထံကိုပါသယ်ဆောင်သွားကြတယ်။သူတို့အတွက်လိုအပ်တဲ့မူးယစ်ဆေးဝါးဝယ်ရန်ငွေကြေးတွေပိုလိုအပ်လာသော်လည်းသူတို့အတွက်အလုပ်အကိုင်အခွင့်အလမ်းကမရှိဘူးဖြစ်နေတယ်။
ကျွန်တော်အဲဒီလိုသံသရာမလည်ချင်ဘူး၊ကျွန်တော့်အမေကမူးယစ်ဆေးဝါးကနေရှောင်ရှားဖို့ရန်အတွက်ကျွန်တော့်ကိုအခြားတစ်နေရာမှာပညာသွားသင်ခိုင်းပါတယ်။ဒါကြောင့်လည်းကျွန်တော်တရုတ်ပြည်ကိုသွားခဲ့တယ်၊ပြီးတော့ပညာသင်ခရီးတွေလဲသွားခဲ့ယ်။ကျွန်တော်နေရာ၅ခုမှာပညာသင်ယူခဲ့ပြီးကျွန်တော့်ဘဝတိုးတက်လာအောင်ကြိုးစားခဲ့တယ်ဒါပေမဲ့လဲကျွန်တော်ဘယ်တစ်ခုကမှသင်တန်းဆင်းလက်မှတ်မရရှိခဲ့ပါဘူး။
ဘွဲ့ရကျောင်းပြီးသွားရင်ကောကျွန်တော်ဒီမှာဘာလုပ်ရမှာလဲ၊ကျွန်တော့်အတွက်ဒီမှာအလုပ်မရှိဘူး၊ဆိုတော့ဘာအဓိပ္ပါယ်ရှိမှာလဲ၃
သားမြစ်ကြီးနားကထွက်သွားရင်တော့ပညာဆုံးခန်းတိုင်အောင်သင်နိုင်လိမ့်မယ်၊ဘုရားသခင်အလိုတော်အတိုင်းဖြစ်ပါစေ။သားကဒီမှာမူးယစ်ဆေးဝါးသုံးတဲ့သူအများကြီးနဲ့ခင်မင်သိကျွမ်းနေတယ်။
ကျွန်တော်မြစ်ကြီးနားတက္ကသိုလ်ကထွက်ပြီးနောက်ကျွန်တော့်အမေကကျွန်တော့်ကိုပညာဆုံးခန်းတိုင်အောင်သင်စေချင်တယ်။


အိန္ဒိယနိုင်ငံဟာကျွန်တော်ပညာသင်ခဲ့တဲ့နေရာတွေထဲကနိုင်ငံတစ်ခုပါ။ကျွန်တော်အဲဒီကိုပထမဆုံးရောက်သွားတုန်းကရာသီဥတုဘယ်လောက်ပူသလဲဆိုတာကျွန်တော်မှတ်မိနေသေးတယ်။ရန်ကုန်ရဲ့အပူချိန်နဲ့တောင်နှိုင်းယှဉ်လို့မရဘူး၊အရမ်းကိုပူတာ။အပူချိန်မြင့်တာတစ်ခုတည်းမဟုတ်ဘူးတခြားကြီးကြီးမားမားမတူညီမှုတွေအများကြီး
မြန်မာပြည်မှာလိုဘဲအိန္ဒိယမှာကျွန်တော့်သူငယ်ချင်းအုပ်စုတစ်စုရှိတယ်။တစ်ချို့ကဆေးခြောက်သောက်ပြီးတစ်ချို့ကနံပါတ်ဖိုးလို့လဲခေါ်တဲ့ဘိန်းဖြူသုံးတဲ့သူတွေလဲရှိတယ်။စာမေးပွဲကာလအတွင်းမှာစာကိုအာရုံပိုစိုက်နိုင်ဖို့ရန်အတွက်ကျွန်တော်သူတို့အုပ်စုတွေကိုကြိုးစားပြီးရှောင်ခဲ့တယ်၊ဒါပေမဲ့အဲဒါကတော်တော်ခက်ခဲ့တဲ့အရာဖြစ်ပါ တယ်။
အိန္ဒိယကိုမသွားခင် ကျွန်တော် မူးယစ်ဆေးဝါးသုံးစွဲခဲ့တယ်။ ဒါပေမဲ့ ဆေးခြောက်ရှုတာက အန္ဒိယမှာ ပထမဆုံးအကြိမ်ပဲ၊ အဲဒီမှာ ဆေးခြောက်က အရမ်းလူကြိုက်များတယ်။
ကျန်းမာရေးပြသနာကြောင့်ကျွန်တော်အိန္ဒိယကနေထွက်ခွာခဲ့ရသည်။ ကျွန်တော့်ဆီမှာ မူးယစ်ဆေးဝါးသုံးစွဲ ခြင်းနဲ့ဆက်စပ်တဲ့အသဲရောဂါရရှိခဲ့တယ်။အဲ့ဒါကြောင့်ကျွန်တော်ကျောင်းနားလိုက်ပြီးအမိနိုင်ငံကိုပြန်လာခဲ့တယ်။


ဒါပေမဲ့၊ကျန်းမားရေးပြန်ကောင်းလာတဲ့အခါကျွန်တော်မူးယစ်ဆေးဝါး ပြန်သုံးလာခဲ့တယ်။
တဖြည်းဖြည်းနဲ့ ကျွန်တော် နံပါတ်ဖိုးပါ သုံးစွဲလာခဲ့တယ်။ ကျွန်တော်မလုပ်ချင်ပါဘူး၊ ကျွန်တော် နံပါတ်ဖိုးလည်းမကြိုက်ပါဘူး၊ ဒါပေမဲ့နံပါတ်ဖိုးက ဘိန်းထက်အများကြီးဈေးသက်သာတယ်။
အမေ့အထင်တော့ သားအိန္ဒိယကို ပြန်သွားသင့်တယ်လို့ထင်တယ်အမေအမြဲပြောသလိုဘဲ သားဒီမှာ မူးယစ်ဆေးဝါးသုံးစွဲတဲ့သူတွေအများကြီးနဲ့သိကျွမ်းရင်းနှီးတယ်။
မင်းသူ့ကိုတစ်ခြား ရှာပို့သင့်တယ်။
အမြဲတမ်းလိုဘဲကျွန်တော်မူးယစ်ဆေးဝါးသုံးတဲ့အတွက်ကြောင့်ကျွန်တော့်အမေကစိုးရိမ်ပူပန်လာတယ်။သူမက ကျွန်တော်မူးယစ်ဆေးဝါးလုံးဝပြတ်သွားဖို့ရန်အတွက်နည်းလမ်းအမျိုးမျိုးနဲ့ကြိုးစားခဲ့တယ်။
ကျွန်မဘာဆက်လုပ်ရအုံးမလဲ၊ ကျွန်မအားလုံကြိုးစားကြည့်ခဲ့ပြီးပြီသူ့ဘုရားစကားနားထောင်ဖို့ဘဲလိုတော့တယ်...
ကျွန်တော့မိသားစုမှာကျွန်တော်တစ်ယောက်ထဲပဲမူးယစ်ဆေးဝါးသုံးပါတယ်။ကျန်တဲ့ကျွန်တော့်မိသားစုဝင်တွေသိသွားတဲ့အခါမှာတော့ကျွန်တော့်ကိုအဝေးကိုပို့ရန်ဝိုင်းဝန်းလုပ်ဆောင်ကြပါတော့တယ်။သူတို့ကလဲကျွန်တော့်အမေလိုဘဲ ဒီပတ်ဝန်းကျင်ကနေ အဝေးကိုပို့ခြင်းက ကျွန်တော့်အတွက်ကောင်းတယ်လို့ခံယူထားကြပါတယ်။


ကျွန်တော့်မူးယစ်ဆေးဝါးသုံးစွဲမှုကမိသားစုတစ်ခုလုံးကိုထိခိုက်တယ်ဆိုတာကျွန်တော်နားလည်ပါတယ် ...
ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကိုမူးယစ်ဆေးဝါးနဲ့တကွလက်ဝယ်တွေ့ရှိလို့ရဲတွေဖမ်းသွားခဲ့ပါတယ်။
သူမိသားစုဝင်တွေကမြေကွက်တစ်ချို့ကိုရောင်းပြီးဒဏ်ကြေးပေးဆောင်ခဲ့ရပါတယ်။ဒီအရာက
ကျွန်တော့်မိသားစုအတွက် ကြုံတွေ့နိုင်တဲ့ ဖြစ်ရန်မှန်တစ်ခု ဖြစ်ပါတယ်။
တကယ် ပေါ့အမေ ရယ်။
သားကတကယ် ကောင်းလာချင်တာ ကောဟုတ်ရဲ့လား။
အမေနဲ့အတူဘုရားကျောင်းမသွားချင်ဘူး... လူတွေကသားကိုမူးယစ်ဆေးစွဲနေတဲ့သူလို့မြင်ပြီးအထင်သေးကြ တယ်။
အမေနဲ့ဘုရားကျောင်းလိုက်ခဲ့၊ ဘယ်နည်းလမ်းတွေနဲ့ကုသရင် ကောင်းမလဲ
HOLY BIBLE
ဒီအရာက မိသားစုဝင်တွေအားလုံးကိုထိခိုက်နိုင်တဲ့ကိစ္စမို့ အမေနဲ့မိသားစုဝင်တွေကသူတို့တတ်နိုင်သမျှဒီပြသနာကို ဝိုင်းဝန်းဖြေရှင်းကြတယ်။
၁၀၀၀
နိုင်ငံတော်
တစ်ထောင်
1000
ကျွန်တော်အခုမြစ်ကြီးနားမှာနေနေတယ်၊မူးယစ်ဆေးလည်းသုံးနေတုန်းဘဲ။ကျွန်တော်ဘိန်းရှူတယ်၊နံပါတ်ဖိုးသုံးတယ်။တခါတလေကျွန်တော်မက်သာဖီတမင်းဆေးလဲသုံးတယ်၊ ကျွန်တော်တို့က တော့ ရာမလို့ခေါ်တယ်။




ကျွန်တော်အသက်၂၇နှစ်ဘဲရှိသေးပေမဲ့မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်နာတာရှည်ရောဂါတွေခံစား နေရပါပြီ။ဒီအရာကကျွန်တော့်ကိုအိန္ဒိယကနေပြန်လာစေတဲ့အဓိကပြဿနာတစ်ခုပါဘဲ၊အဲဒီအရာ ကပြည့်စုံတဲ့ဘဝကိုနေထိုင်ဖို့ရန်အတွက်အခက်အခဲဖြစ်စေပါတယ်။



အဲဒီကနေအဝေးကိုထွက်သွားဖို့ဆိုတာကကျွန်တော့်အတွက်အရမ်းခက်ခဲပါတယ်၊ဘာကြောင့်လဲဆိုတော့ ကျွန်တော် အဲဒီခံစားချက်ကိုသိနေလို့ပါဘဲ။အဲဒါကလူတော်တော်များများ၊အထူးသဖြင့်ယောကျ်ားလေးတွေကဒီသံသရာထဲက မရုန်းထွက်နိုင်ဘူးဖြစ်နေတယ်။ ကျွန်တော်တို့ဆီမှာလုပ်စရာသိပ်မရှိတော့ အဲဒီကိုဘဲပြန်ပြန်သွားနေမိတယ်။


မူယစ်ဆေးသုံးစွဲတဲ့သူတွေမှာအမဲစက်တွေအများကြီးရှိတယ်။လူမှုပတ်ဝန်းကျင်ကကျွန်တော်တို့ဆီမှာကျွမ်းကျင်မှုတွေ၊စိတ်ထက်သန်ပြင်းပြမှုတွေ၊ဝါသနာတွေနဲ့ရည်မှန်းချက်တွေရှိတယ်ဆိုတာကိုမေ့နေတတ်ကြတယ်။အလုပ်လုပ်နေတဲ့သူတွေမူးယစ်ဆေးသုံးစွဲတယ် ဆိုတာကို ဟအလုပ်ရှင်တွေ"သိ သွားရင် အလုပ်တွေပြုတ်သွားကြတယ်၊ လူ့အသိုင်းအဝိုင်းက မူးယစ်ဆေးဝါးသုံးတဲ့သူတွေ မိသားစုဝင်ထဲမှာပါရင်အဲဒီမိသားစုကိုအထင်အမြင်သေးကြတယ်။
အဲဒီဒေသမှာရှိတဲ့ထိခိုက်မှုလျှော့ချရေးအဖွဲ့မှအသင်းတော်၏လုပ်ဆောင်မှုနဲ့မတူညီတဲ့ချဉ်းကပ်မှုများနှင့်အတူကုသမှုများကိုလုပ်ဆောင်ပါတယ်။သူတို့ကရောဂါပျံ့နှံ့မှုကိုကာကွယ်ရန်သန့်ရှင်းသောဆေးထိုးအပ်များထုတ်ဝေပေးလိမ့်မည်။
တစ်ချို့ကဘိန်းဖြူဖြတ်နေသူများကိုမက်သဒုန်းဟဘိန်းဖြူဖြတ်ရာတွင်အစားထိုးပေးသောဆေး"ကိုလည်းထုတ်ဝေပေးပါတယ်။
HARM REDUCTION CENTER



ကချင်ပြည်နယ်ကလူငယ်တွေအတွက်အခွင့်အလမ်းတွေမရှိပါဘူး။မူးယစ်ဆေးဝါးတွေကလည်းနေရာတကာမှာရှိတယ်။အနေးနဲ့အမြန်ဆိုသလိုဘဲကျွန်တော့်လိုလူငယ်တွေကမူးယစ်ဆေးဝါးတွေကိုစမ်းသုံးလာတယ်၊ ပြီးတော့ ဒါကိုရပ်တန့်ဖို့ခဲယဉ်းပါတယ်။ ပညာရေး၊ ပံပိုးမှုနဲ့ အလုပ်အကိုင်အခွင့်အ လမ်းများများစားစား မရှိရင်၊ ကျွန်တော်နဲ့ ကျွန်တော့်လိုလူတွေအတွက်တော့ အခြေအနေတွေက ကောင်းလာမှာမဟုတ်ပါဘူး။

ဤသုတေသနကိုအခြေခံသည့် ရုပ်ပြကို Kachinland သုတေသနစင်တာ၊ Drugs & (dis)order and PositiveNegatives မှပူးပေါင်းထုတ်လုပ်ခြင်းဖြစ်ပါသည်။ ဤရုပ်ပြကို ကချင်ပြည်နယ်မှ အမှန်တကယ်ဖြစ်ပျက်ခဲ့သည့်လူများကို အခြေခံထားသည့်သုတေသနပြုချက်များကို Cecilia Ja Seng မှသရုပ်ဖော်ရေးဆွဲထားခြင်းဖြစ်သည်။ အမည်များနှင့် အသေးစိတ်အချက်အလက်များကို ၎င်းတို့၏လုံခြုံရေးအတွက် အမည်ဝှက် ပြောင်းထားပါသည်။

Kachinland သုတေသနစင်တာသည် မြစ်ကြီးနား၊ ကချင်ပြည်နယ်အခြစိုက် အကျိုးအမြတ် အတွက်မဟုတ်သော သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်သည်။
kachinlandrc.org

Drugs & (dis)order သည် လေးနှစ်တာ Global Challenges Research Fundမှ မျိုးဆက်သစ်အထောက်
အထားသက်သေအဖြစ် အာဖဂန်နစ္စတန်၊ ကိုလံဘီယာနှင့် မြန်မာနိုင်ငံတို့တွင်တရားမဝင်မူးယစ်ဆေးဝါး
စီးပွားရေးများကို ငြိမ်းချမ်းသောစီးပွားရေးအဖြစ်သို့ မည်သို့အသွင်ပြောင်းရမည်ဟူသော စီမံ ချက်ဖြစ်သည်။

@Drugs_disorder

Drugs and (dis)order သည် Global Challenges Research Fund (GCRF)မှထောက်ပံထားခြင်းဖြစ်ပါသည်။
Ukri.org/research/global-challenges-research-fund

PositiveNegatives သည် အကျိုးအမြတ်အတွက်မဟုတ်သော အပြည်ပြည်ဆိုင်ရာသုတေသနဆိုင်ရာလုပ်
ဖော်ဆောင်ဖက်များဖြစ်သော NGOsများ၊ အနုပညာရှင်များနှင့်အတူ လူမှုရေးနှင့်ဆိုင်သော လူသားချင်းစာနာထောက်ထားမှုပြဿနာများကို ရုပ်ပြများ၊ ကာတွန်းများနှင့် အခြားသောဇတ်ကြောင်းမီဒီယာများအား တီထွင်သရုပ်ဖော်ပါသည်။
positivenegatives.org